သမ္မာကျမ်းဆိုင်ရာအတွေးအမြင် - မျှော်လင့်ခြင်းက ဘာနှင့်တူပါသနည်း။
သင့်အတွက် မျှော်လင့်ခြင်းက ဘာနှင့်တူပါသနည်း။




မြန်မာနိုင်ငံနှင့်ပတ်သက်ပြီး သတင်းများရှာဖတ်သည့်အခါတွင် နေ့စဉ် ကောင်းသည့်သတင်းတစ်ခုခုကို လိုက်၍ရှာဖတ်လေ့ရှိသည်။ အချို့ရက်များတွင် စိတ်အားတက်စရာ တိုးတက်မှုများကို ဖတ်ရှုရသည်။ သို့သော် ရက်အများစုတွင်တော့ ဆုံးရှုံးခြင်း၊ ကြေကွဲခြင်း၊ သေဆုံးခြင်းဆိုသည့် သတင်းများကိုသာ ဖတ်ရှုရသည်။

သို့သော် ယခုရက်ပိုင်း ကျွန်ုပ်အတွက်မျှော်လင့်စရာများဖြင့်ပြည့်နှက်နေပါသည်။ အပြင်ပန်းဖြစ်ပျက်နေသည့် အကြောင်းကိစ္စများကြောင့် အားတက်ခြင်းမဟုတ်ဘဲ၊ လူတို့၏အတွင်းစိတ်ကို တွေ့မြင်သိရှိရသောကြောင့် ဖြစ်သည်။ အွန်လိုင်းတွင် ကျွန်တော်စာသင်ပေးနေသည့် တပည့်တို့၏စိတ်အားထက်သန်မှု၊ လုပ်ဖော် ဆောင်ဖက်များ၏ကြိုးစားအားထုတ်မှု၊ နိုင်ငံတွင်း နိုင်ငံပြင်ပရှိ ကိုယ်ကျိုးစွန့်လျက်ယုံကြည်ခြင်းဖြင့်ကြိုးစား အားထုတ်နေသူတို့ကိုမြင်တွေ့နေရသောကြောင့်ဖြစ်သည်။

ဥပမာအနေဖြင့်, ယခုလထဲတွင် ထိုင်းနိုင်ငံအနောက်ပိုင်းနှင့် တောင်ပိုင်းရှိ ဝေးလံခေါင်သီသော နေရာများတွင် ကျမ်းစာကျောင်းသား ၄၀ ကျော်၊ ဓမ္မဆရာများ၊ အသင်းတော်ခေါင်းဆောင်များထံသို့သွားရောက်၍ ဓမ္မပညာများသင်ပေး ခွင့်ရရှိခဲ့သည်။ သူတို့တစ်ဦးချင်းစီတွင် ယုံကြည်ခြင်းဘဝနှင့် ဘုရားအပေါ် သစ္စာရှိခြင်းဟူသော ဖြတ်သန်းလာရသည့် ဘဝအတွေ့အကြုံကိုယ်စီရှိနေကြသည်။ ဆယ်စုနှစ်များစွာ မမောနိုင်မပန်းနိုင်ကြိုးစားအားထုတ်ခဲ့ကြသော သာသနာပြုများ၊ TKBC ကရင်ဓမ္မအမှုတော်ဆောင်များ ကြောင့် ယခုအချိန်တွင် ကရင်လူငယ်များသည် လုံခြုံသည့်နေရာ၊ စစ်မက်မဖြစ်ပွားသော နေရာများတွင် နေထိုင်ကာပညာသင်ယူခွင့်ရရှိလာခဲ့ကြပြီဖြစ်သည်။ လွန်ခဲ့သောနှစ် ၂၀ခန့်က ဒုက္ခသည်စခန်းတွင်ကြီးပြင်းလာခဲ့ရ၍ လောကဓံကိုအရှုံးမပေးခဲ့သော လူတစ်ယောက်သည် ယခုအချိန်တွင် ကျမ်းစာကျောင်းတွင် ဓမ္မပညာကိုပို့ချလျက်၊ သူကိုယ်တိုင်သည်လည်း မာစတာဘွဲ့ရယူနိုင်ရန် အွန်လိုင်းဖြင့် ပညာဆည်းပူးနေသည်ကို တွေ့မြင်ခဲ့ရ၍ စိတ်အားတက်မိသည်။ အတန်းပညာနည်းပါးခဲ့သော်လည်း မိမိတို့တတ်စွမ်းသမျှဖြင့် ခရစ်တော်အတွက် အကောင်းဆုံးအစေ ခံနေသော အသင်းတော်ခေါင်းဆောင်များကို တစ်ပတ်တာ သင်တန်းပို့ချပေးနိုင်ခဲ့သည်။ တတ်စွမ်းသမျှဖြင့် မိမိတို့အသက်မွေးဝမ်းကြောင်းအတွက်တစ်ဖက်၊ ခရစ်တော်နည်းတူ အစေခံလျက်တစ်ဖက် လုပ်ဆောင် နေခြင်းက “လူသားသည် သူတစ်ပါးကိုစေစားခြင်းငှါမလာ၊ သူတစ်ပါးအစေကိုခံခြင်းငှါ၊ မိမိအသက်ကိုစွန့်၍ လူများကို ရွေးခြင်းငှါ ကြွလာသတည်း” ဟူသော ရှင်မာကုခရစ်ဝင်ကျမ်း ၁၀း၄၅ ထဲမှကျမ်းချက်အတိုင်းပင် ဖြစ်နေပါသည်။ အားတက်ဖို့ကောင်းလှသည်။

၁၇ နှစ်အရွယ်ကျောင်းသားလေးတစ်ယောက်မှာ အရင်က မူးယစ်ဆေးသုံးစွဲသည့် အပေါင်းအဖော် များနှင့်ရောနှောလျက် သူကိုယ်တိုင်မျှော်လင့်ချက်မဲ့လမ်းစပျောက်ခဲ့ရသည်။ သို့သော် ဝေးသောနေရာမှ ရောက်လာ၍ ဧဝံဂေလိသတင်းစကားဝေမျှသောသူတစ်ယောက်အားဖြင့် ထိုလူငယ်လေးသည် ယခုအခါ ခရစ်တော်ကိုယုံကြည်လျက်၊ မူးယစ်ဆေးနွံမှလွတ်မြောက်ကာ၊ အမေဖြစ်သူ၏တွန်းအားပေးမှုကြောင့် ကျမ်းစာကြောင်း တက်ရောက်နေပြီဖြစ်သည်။

ယခုအချိန်တွင်တော့ အတန်းဖော်များနှင့်ပျော်ရွှင်စွာ ဓမ္မပညာ သင်ကြားခံယူရင်း၊ မေတ္တာလွှမ်းခြုံသောနေရာသစ်တွင် ခရစ်ယာန်အသက်တာအတိုင်း အသက်ရှင်နေပြီ ဖြစ်သည်။

ကျွန်ုပ်တွေ့ဆုံခဲ့သောသူများသည် ဥစ္စာပိုင်းအရ ဆင်းရဲ၍ လေးလံသောဝန်များ၊ ကြောက်ရွံ့မှုများ၊ နာကျင်ဖွယ်ဘဝအတွေ့အကြုံများဖြင့်ပြည့်နှက်နေကြသည်။ သို့သော် အယောက်ချင်းစီတိုင်းတွင် ဆက်လက်အသက်ရှင်ရန်ဖမ်းဆုပ်ထားသောအရာတစ်ခုရှိသည်။ သူတို့၌ ယေရှုရှိသည်။ တစ်ယောက်အတွက် တစ်ယောက်အမြဲအသင့်ရှိနေကြသည်။ သမ္မာကျမ်းစာရှိ၍ ဘုရားခေါ်သံအတွက်စိတ်အားထက်သန်စွာ အသက်ရှင်နေကြသည်။ မိမိကိုယ်ကျိုးစွန့်၍ ဧဝံဂေလိတရားကို ဟောပြောသောသူတို့သည် မျှော်လင့်ခြင်း မရှိသူတို့အား မျှော်လင့်ခြင်းကိုပေးဝေနေခြင်းဖြစ်သည်။ သတင်းကောင်းကိုလက်ခံ၍ ယေရှုကိုရှာတွေ့သော သူတို့သည် မျှော်လင့်ခြင်းကိုရှာတွေ့သူများဖြစ်သည်။ မိမိဝန်ကျင် တိုးတက်ရန် အတူတကွကြိုးစားလုပ် ဆောင်နေသူတို့မှာ အကောင်းမြင်စိတ်ထားနှင့် မျှော်လင့်ခြင်းကိုလက်တွေ့ပြသနေသူများဖြစ်သည်။ ကျွန်ုပ်အတွက် မျှော်လင့်ခြင်းဆိုသည်မှာ ဤသို့သောအရာဖြစ်ပါသည်။ သင့်အတွက်မျှော်လင့်ခြင်းက မည်သို့ရှိပါသနည်း။

"သင်တို့သည် သန့်ရှင်းသောဝိညာဉ်တော်၏ တန်ခိုးအားဖြင့်မျှော်လင့်ခြင်းပါရမီနှင့် ကြွယ်ဝစေခြင်းငှါ၊ ယုံကြည်သောစိတ်ရှိ၍ ဝမ်းမြောက်သက်သာခြင်းအမျိုးမျိုးတို့နှင့် ပြည့်စုံမည်အကြောင်း၊ မျှော်လင့်ခြင်း ၏အရှင် ဘုရားသခင်သည် ကယ်မသနားတော်မူပါစေသော" (ရောမသြဝါဒစာ ၁၅း၁၃)

ခရစ်တော်၏မေတ္တာဖြင့်,

Dr. Tim @ ဦးထင်ကျော်

သိက္ခာတော်ရဒေါက်တာ Timothy C. Geoffrion သည်ခရစ်ယာန်အမှုတော်ဆောင်တစ်ဦးဖြစ်၍ ဓမ္မသစ်ကျမ်းဆိုင်ရာ ဒေါက်တာဘွဲ့ရှင် ပါမောက္ခအဖြစ် ရန်ကုန်မြို့တွင် ၂၀၀၇ ခုနှစ်ကတည်းက အစေခံသင်ကြား ပေးနေသူဖြစ်သည်။